## မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocolကို လေးစားလိုက်နာတတ်သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းဖြစ် ပေါ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်

## (အဆိုပြုချက်)

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများ၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါကြောင်း ဆုတောင်းမေတ္တာ ပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား/ရှင့်။

ကျွန်တော်/ ကျွန်မကတော့ ------ ပြည်နယ်/ ------ တိုင်းဒေသကြီးမှ တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ် ဦး ------ /ဒေါ် ------ ဖြစ်ပါတယ်ဗျား/ရှင့်။ ကျွန်တော်/ ကျွန်မအနေဖြင့် ယခုကျင်းပတဲ့(၁၇)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံကြီးမှာ "မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစား လိုက်နာတတ်သော ပတ်ဝန်းကျင် အသိုင်းအဝန်း ဖြစ်ပေါ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်"ဆိုတဲ့၊ ကျွန်တော်/ ကျွန်မတို့ တိုင်းရင်းဆေးလောကအတွက် အရေးပါလှတဲ့ အဆိုတစ်ရပ်ကို တင်သွင်းချင်ပါတယ် ခင်ဗျား/ ရှင့်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

မြန်မာနိုင်ငံဟာ ၁၉၉၇ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာသောကြောင့် အခြားအဖွဲ့ဝင်နိုင်ငံများအချင်းချင်း သဘောတူညီချက်ရယူထားတဲ့ IPR ကို အသိအမှတ်ပြုအလေးထားလိုက်နာရန် လိုအပ်လာပါသဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့၏ (၁၇၆) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၀၁ခုနှစ်၊ မေလ(၁၅)ရက်နေ့တွင် ပါဝင်ခဲ့ကြောင်း သိရှိရပါတယ်။ အသိဉာဏ်ပစ္စည်းဆိုတာဟာ အသိဉာဏ်ပညာစွမ်းနှင့် ဖန်တီးထားသော တီထွင်မှုများ၊ အနုပညာလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားသည့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်သွယ်မှုအမှတ်တံဆိပ်၊ အမည်၊ နာမ စသည်တို့ကို ညွှန်းဆိုကိုးကားသည်လို့ မှတ်သား သိရှိရပါတယ်။ စက်မှုပစ္စည်းမူပိုင်ခွင့်နှင့် စာပေအနုပညာ မူပိုင်ခွင့်များဆိုပြီး (၂)မျိုး ခွဲခြား ထားပါကြောင်း၊ စက်မှုပစ္စည်း မူပိုင်ခွင့်တွင် တီထွင်မှုများ၊ စက်မှုပညာနှင့် ကုန်ပစ္စည်း ဒီဇိုင်းပုံစံများ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၊ ဒေသဆိုင်ရာ အညွှန်းများပါဝင်ပြီး စာပေအနုပညာ မူပိုင်ခွင့်တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ပို့၊ ကဗျာ၊ လက်ရာများခါတ်ပုံ၊ စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတအနုပညာ လုပ်ငန်းများ၊ အသံသွင်း၊ အသံလွှင့်၊ ရေဒီယို၊ တယ်လီဗေးရှင်း လုပ်ငန်းများ ပါဝင်ပါကြောင်း လေ့လာသိရှိရပါတယ်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဟာ တီထွင်ဖန်တီးထားသော၊ ရင်းနှီးမြုပ်နှံထားသော၊ မူပိုင်ခွင့်ရယူထားသော လုပ်ငန်းများအတွက် အရေးပါသော ကာကွယ်မှုအကျိုးကျေးဇူး ဖြစ်စေကြောင်း တင်ပြ

လိုပါတယ်။ အသိဉာဏ်ပစ္စည်း၏ အရေးပါပုံကို ၁၈၈၃ခုနှစ်၊ ပြင်သစ်နိုင်ငံ၌ ကျင်းပသော စက်မှုပစ္စည်း မူပိုင်ခွင့် အကာအကွယ်ပေးရေး ညီလာခံနှင့် ၁၈၈၆ခုနှစ်၊ ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့၌ ကျင်းပသော စာပေနှင့်အနုပညာ အကာအကွယ်ပေးရေး ညီလာခံတွင် ပထမဆုံး အသိအမှတ်ပြုခဲ့ပါသည်။ ဘာကြောင့် အသိဉာဏ်ပစ္စည်းကို အကာအကွယ်ပေးရလဲဆိုတာ များစွာသော အချက်အလက်များစွာ ရှိသည့်အနက် အချက်(၃)ချက်အား တင်ပြဆွေးနွေးလိုပါတယ်။ ပထမဆုံး အချက်အနေဖြင့် လူသား တွေတိုးတက်ဖို့ ကျန်းမာပျော်ရွှင်ဖို့ အရေးဟာ အသုံးချသိပ္ပံပညာ၊ ယဉ်ကျေးမှုအနုပညာ နယ်ပယ် များမှာ အသစ်ဖန်တီး တီထွင်နိုင်သည့် အရည်အချင်းပေါ်တွင် မူတည်ပါတယ်။ ဒုတိယအချက် အနေဖြင့် အသစ်တီထွင်ဖန်တီးမှုများကို ဥပဒေဖြင့် အကာအကွယ် ပေးထားမှသာ မိမိတီထွင်ဖန်တီးမှုမှ ပေါ်ပေါက်ရရှိလာမည့် အကျိုးကျေးဇူးများကို မိမိနှင့်တကွ သားစဉ်မြေးဆက် တစ်လျှောက်လုံး အခြားသူတပါးမှ တုပခိုးယူခြင်း၊ နှောင့်ယှက်ခြင်းတို့မှ ကာကွယ်မှုများ ရရှိနိုင်မည်ဖြစ်ပြီး ထပ်မံအသစ် တီထွင်ဖန်တီးလိုစိတ် ဖြစ်ပါမည်။ တတိယအချက် အနေဖြင့် အသိဉာဏ်ပစ္စည်းကို အကာအကွယ်ပေး ထောက်ကူအားပေးခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အသစ်များ၊ စက်ရုံ အလုပ်ရုံအသစ်များ ပေါ်ထွက်လာကာ အရည်အသွေးပြည့် ပျော်ရွှင်သာယာသည့် ဘဝကို တိုးမြှင့်ခံစား ရမည်ဖြစ်ပါတယ်။ အကျိုးရှိမျှတမှုရှိသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ရှိမှသာလျှင် နိုင်ငံများ အားလုံး လူမှုစီးပွား၊ ယဉ်ကျေးမှုဖွံ့ဖြိုး တိုးတက်လာစေမှာဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ရယူခြင်းအားဖြင့် ပိုင်ရှင်ဖြစ်သူအား တီထွင်မှု မူပိုင်ခွင့်ဆိုလျှင် အနှစ်(၂၀)နှင့် စာပေအနုပညာမူပိုင်ခွင့်ဆိုလျှင် စာရေးသူ၏ သက်တမ်းနှင့် နောက်ထပ် အနှစ်(၅၀) စသည့် သက်ဆိုင်ရာမူပိုင်ခွင့် သက်တမ်းများအလိုက် အကာအကွယ် ပေးထားပါတယ်။ ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချမှု၏ အသက်ဖြစ်သော ကုန်အမှတ်တံဆိပ်များကိုလည်း မိမိတစ်ဦး တည်း မူပိုင်အဖြစ် သက်တမ်းအလိုက် အကာအကွယ် ခိုင်လုံစွာရရှိမည် ဖြစ်ပါတယ်။ မူပိုင်ခွင့်ရယူ ထားသည့် ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ တီထွင်ဖန်တီးမှုများအား စီးပွားရေးအရ အသုံးချခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ မပြုလုပ်နိုင်ပါ။

မြန်မာနိုင်ငံတွင် ဆေးဖက်ဝင်အပင်များနှင့် မျိုးရိုးဗီဇအရင်းအမြစ် မြောက်မြားစွာရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများကလည်း မြန်မာနိုင်ငံတွင် သယံဇာတများ ပေါများကြောင်း သိရှိသည့် အပြင် မြန်မာ့သစ်တောများတွင် အဖိုးတန်ဆေးဖက်ဝင်အပင်များ ရှိကြောင်း သိထားကြပါတယ်။ ဆေးပင်နမူနာကိုရယူ၍ ခေတ်မီသော ဓါတ်ခွဲခန်းများတွင် ဓါတ်ခွဲပြီး မျိုးရိုးဗီဇကူးယူမှုများ၊ ပြောင်းလဲမှုများပြုလုပ်၍ စီးပွားဖြစ် ထုတ်လုပ်နိုင်ပါတယ်။

အခြားနိုင်ငံတွေမှာ သူတို့ရဲ့ ဆေးပညာနယ်ပယ်ရပ်ဝန်းမှာ ဆန်းသစ်တီထွင်ဖွံ့ဖြိုးမှု အမျိုးပေါင်း မြောက်မြားစွာကို မူပိုင်ခွင့်သဘောတူ ရယူထားတာကို လေ့လာသိရှိရပါတယ်။ မိမိတို့နိုင်ငံမှာလည်း မိမိတို့ပိုင်ဆိုင်တဲ့ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ မိမိတို့တီထွင်ထားတဲ့ မြန်မာ့တိုင်းရင်းဆေးပညာ ရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးနည်းများစွာ ရှိပါတယ်။ ယခုအခါမှာဆိုရင် ကမ္ဘာဟာ ရွာကြီး တစ်ရွာလို ဖြစ်လာပါပြီ၊ တစ်နေရာမှတစ်နေရာ အလွန်လျှင်မြန်စွာ ပြန့်နှံ့ကူးစက်လွယ်ပါတယ်။ အဲဒီအခါမှာ မိမိတို့ ပိုင်ဆိုင်ထားတဲ့ အရာများ၊ မိမိတို့ ဆေးပညာရပ်များ လွယ်ကူစွာ အခြားသို့ ပါသွား

နိုင်သလို အခြားနိုင်ငံများက မိမိတို့ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ပညာရပ်များအပေါ် လွှမ်းမိုး လာနိုင်ပါတယ်။ ဒါတွေကို ကာကွယ်နိုင်ဖို့အတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အကာအကွယ် ပေးခြင်း အပါအဝင် လက်တင်ဝေါဟာရအရ အထူးအမျိုးအစားဟု အဓိပ္ပါယ် သက်ရောက်သည့် IPR ဘောင်၏ ပြင်ပတွင် အထူးအကာအကွယ် ပေးနိုင်သော Sui generis စနစ်ဖြင့် အကာအကွယ်ပေးခြင်း၊ တိုင်းရင်းဆေးဆိုင်ရာ သတင်း အချက်အလက် Database တည်ဆောက်ခြင်း စတဲ့ အခြားသော အကာအကွယ်ပေးမှု ပုံစံများကို ဖော်ထုတ် ဆောင်ရွက်သွားရန် အထူးအရေးတကြီး လိုအပ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ မိမိတို့ တီထွင်ထားတဲ့ ဆေးပညာရပ်များ၊ ဆေးနည်းများ၊ ကုသနည်းစနစ်များကို မိမိတို့ကမှကောင်းစွာ မကာကွယ်ခဲ့နိုင်လျှင် မိမိတို့ တာဝန် မကျေရာ ရောက်ကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့တာဝန်ကျေဖို့ လိုအပ်ပါကြောင်း တင်ပြဆွေးနွေး လိုပါတယ်။ ဒီနေရာမှာ အထူးအလေးထား တင်ပြလိုတာက မြန်မာ နိုင်ငံမှာ လက်ရှိအခြေအနေ အချိန်အခါအထိ တိုင်းရင်းဆေးပညာနှင့် ပတ်သက်သော အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်နဲ့ ပတ်သက်ပြီး ထိရောက်သည့် သီးခြားဥပဒေ မရှိသေးတာကို တွေ့ရပါတယ်။

၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ၌ စာတမ်းရှင် Dr.စိန်ဝင်းနှင့် ဒေါ်လေးမြင့်တို့ တင်ပြခဲ့သော စာတမ်းတွင် တိုင်းရင်းဆေးနှင့် ပတ်သက် သော အသိဉာဏ်ပစ္စည်းကို မိမိတို့ကိုယ်တိုင် ကာကွယ်သည့် (Sui generis) ဥပဒေ ပြဋ္ဌာန်းပေး ခြင်းဖြင့် ဆေးဝါးများအား မူပိုင်ခွင့် ရရှိနိုင်မည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးနှင့် ပတ်သက်၍ အခြားသူများ၊ အခြားနိုင်ငံများမှ ကူးယူခြင်း၊ အတုပြုလုပ်ခြင်းများမှ ကာကွယ်နိုင်မည် ဖြစ်ပါသဖြင့် အဖိုးထိုက်၊ အဖိုးတန် ဆေးနည်းများ ရဲဝံ့စွာပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ အမျိုးသားအမွေအနှစ် များ နိုင်ငံခြားသို့ ဦးနှောက်ယိုစီးခြင်း အန္တရာယ်ကိုလည်း ကာကွယ်နိုင်ပါမည်ဟု တင်ပြဆွေးနွေး ခဲ့ကြောင်းလည်း သိရှိရပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်သော အသိဉာဏ်ပစ္စည်းကို ကာကွယ်သည့် (Sui generis) ဥပဒေ မူကြမ်းကို တိုင်းရင်းဆေးပညာဦးစီးဌာနက ၂၀၀၅ ခုနှစ် ကတည်းက ရေးဆွဲ တင်ပြခဲ့ပါကြောင်း ဆွေးနွေးလိုပါတယ်။ ယခုအခါ ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း အသိဉာဏ် ပစ္စည်းမူပိုင်ခွင့် ဥပဒေများဖြစ်သည့် တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိတာကိုလည်းသိရှိရပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို မိမိတို့နိုင်ငံ၏ တရားဥပဒေစီရင် ပြဋ္ဌာန်း ချက်များအရ အကာ အကွယ်ပေးနိုင်တာကို လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို အကာအကွယ်ပေးသည့် ဥပဒေများ ထွက်ပေါ်လာစေရေး အထူး တိုက်တွန်းလိုပါကြောင်း တင်ပြ ဆွေးနွေးလိုပါတယ်။

**သဘာဝပတိကြီးနှင့် သဘာဝပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

တဆက်တည်း Nagoya Protocol ကို လေးစား လိုက်နာတတ်သော ပတ်ဝန်းကျင် အသိုင်း အဝန်း ဖြစ်ပေါ်လာစေရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးလိုပါတယ်။

ကုလသမဂ္ဂနိုင်ငံများ၏ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံ (the Rio "Earth Summit") (ရီအိုမြေကမ္ဘာ ထိပ်သီးညီလာခံ) ကျင်းပသည့် ၁၉၉၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့မှ

စတင်ကာ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးရန် ဖွင့်လှစ်ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့မှ စတင်ကာ သက်ဝင်စေခဲ့ပါကြောင်း သိရှိရပါတယ်။ ထိုကွန်ဗင်းရှင်းဟာ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကိစ္စရပ်များကို လွှမ်းခြုံစွာ ဖြေရှင်းနိုင်ရန် တစ်ခုတည်းသော နိုင်ငံတကာ စာချုပ်စာတမ်း ဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းနှင့် မျိုးရိုးဗီဇ အရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေ ခံစားခြင်း တို့ဟာ ကွန်ဗင်းရှင်း၏ ပင်မ ရည်မှန်းချက်သုံးရပ် ဖြစ်ပါတယ်။

မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် ထိုသို့သုံးစွဲခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေခံစားခြင်းသည် ကွန်ဗင်းရှင်း၏ ပင်မရည်မှန်းချက် သုံးရပ် အနက် တစ်ခု ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ၊ ဆေးနည်းများတွင် ပါဝင်ပေါင်းစပ်ထားသော ဆေးဖက်ဝင်အပင်များနှင့် ၎င်းအပင်များမှ မျိုးရိုးဗီဇအရင်းအမြစ်များ၊ ယင်းမျိုးရိုးဗီဇအရင်းအမြစ်များမှ ဆင့်ပွားရရှိသော ဆေးဖက်ဆိုင်ရာအသိပညာများဟာ ဆေးဝါးအသစ်တီထွင်မှုတွင် ကြီးမားသော အထောက်အကူ ဖြစ်စေနိုင်ပါတယ်။ ယခုအခါတိုးတက်ပြီး အင်အားကြီး နိုင်ငံများက အဆိုပါ တိုင်းရင်းဆေးပညာ၊ ဆေးပင်မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ၎င်းတို့မှ ဆင့်ပွားရရှိသော ဆေးဖက်ဆိုင်ရာ အသိပညာများကို မူလပိုင်ရှင်ဖြစ်သော တိုင်းရင်းဆေးပညာရှင်များ၊ ဆေးပင်နှင့် မျိုးရိုးဗီဇ အရင်းအမြစ် ထုတ်လုပ်ပေးသည့် နိုင်ငံနှင့် ပြည်သူများထံ သဘောတူညီချက် ရယူခြင်း၊ အသိပေးခြင်းများ မပြုလုပ်ဘဲသော်လည်းကောင်း၊ အကျိုးခံစားခွင့်များ ခွဲဝေခံစားခွင့် မပြုဘဲသော်လည်းကောင်း၊ ရယူသုံးစွဲလျှက် ရှိနေပါတယ်၊ အဲဒီလို ဖြစ်ပျက်ခြင်းများကို တိုင်းရင်းဆေးပညာရှင်၊ ဆေးနည်းပိုင်ရှင်၊ ဆေးဖက်ဝင်အပင်များနှင့် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ပေးတဲ့ နိုင်ငံနှင့် ပြည်သူများတွင် များစွာ ဆုံးရှုံးမှု ဖြစ်စေပါတယ်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံနှင့် ပြည်သူများ အတွက်လည်း အလွန်အရေးကြီးသည့် အချက် ဖြစ်ကြောင်းကို အထူးဆွေးနွေးလိုပါတယ်။

အဲ့ဒီရည်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ (ဂျိုဟန်နစ်ဘတ်ခ်၊ စက်တင်ဘာလ ၂၀၀၂)က ကွန်ဗင်းရှင်း၏ မူဘောင်အတွင်း မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေခံစားခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ခိုင်မာလာစေရန် နိုင်ငံစုံ ပါဝင်သော ဆွေးနွေးညှိနှိုင်းမှုတစ်ရပ် ပြုလုပ်ရန် တောင်းဆိုခဲ့ပါတယ်။ ၎င်း၏ရည်မှန်းချက် သုံးရပ်ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ကွန်ဗင်းရှင်း၏ ပါတီများညီလာခံမှ ၂၀၀၄ ခုနှစ်တွင် ကျင်းပသည့် ခုနစ်ကြိမ်မြောက် အစည်းအဝေးတွင် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ နိုင်ငံတကာ စနစ်အပေါ် ရှင်းလင်းပေးရန်နှင့် ဈေးစပ်ညှိနှိုင်းပေးရန် ထုတ်ယူသုံးစွဲခွင့်နှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ အထူးကျွမ်းကျင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ (၆)နှစ်ကြာမျှ ဆွေးနွေးညှိနှိုင်းပြီးသည့်နောက် ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက် နေ့တွင် ဂျပန်နိုင်ငံ၊ နာဂိုရာမြို့တွင် ကျင်းပသည့် ပါတီများညီလာခံ၏ (၁၀)ကြိမ်မြောက် အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၏ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် ထိုသို့ အသုံးပြုခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေခံစားခြင်းဆိုင်ရာ

နာဂိုရာသဘောတူညီချက်အဖြစ် အတည်ပြုခဲ့ပါတယ်။ မြန်မာ့နိုင်ငံသည်လည်း ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်လုပ်ပေးသည့် နိုင်ငံ၏ ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေသော တိကျသော တာဝန်ဝတ္တရာများပါဝင်ခြင်းနှင့် အပြန်အလှန် သဘောတူညီချက်များတွင် ပါဝင်သော စာချုပ်စာတမ်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် တာဝန်ဝတ္တရားများ ပါဝင်ခြင်းတို့ဟာ Nagoya Protocol ရဲ့ ထူးခြားသောအချက် ဖြစ်ပါတယ်။ မျိုးရိုးဗီဇအရင်းအမြစ်များကို ညီညွတ်တရားမျှတစွာ ခွဲဝေအသုံးချစေသော အလေ့အထကို အားလုံးက လိုက်နာကျင့်သုံးတတ်ရန်လည်း အထူးအရေးကြီးပါသဖြင့် Nagoya Protocol အား လေးစားလိုက်နာတတ်သော ပတ်ဂန်းကျင် အသိုင်းအဂန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဒါကြောင့် ကျွန်တော်/ကျွန်မအနေနဲ့ ယခုညီလာခံကြီးမှာ "မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖေါ်ထုတ်သတ်မှတ်ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစားလိုက်နာတတ်သော ပတ်ဝန်းကျင်အသိုင်းအဝန်း ဖြစ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်" ဆိုတဲ့ အဆိုတစ်ရပ်ကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ် ခင်ဗျား/ရှင့်။